# IDEA

# အထူး ပညာရေးဆိုင်ရာ ကြားဝင် ညှိနှိုင်းခြင်း

## (အသက် 3 နှစ်မှ 21 နှစ်အရွယ်) ကလေးငယ်များနှင့် လူငယ်များ၏ မိဘများအတွက် လမ်းညွှန်ချက်

ဤစာအုပ်သည် **IDEA** (မသန်စွမ်းသူများဆိုင်ရာ ပညာရေး အက်ဥပဒေ) အငြင်းပွားမှု ဖြေရှင်းရေးနည်းလမ်းများ အကြောင်း စာအုပ်တွဲ၏ အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ ဤစာအုပ်တွဲထဲရှိ မိဘ လမ်းညွှန်ချက်များတွင် ပါဝင်သည်များမှာ-

**IDEA** အထူး ပညာရေးဆိုင်ရာ ကြားဝင် ညှိနှိုင်းခြင်း

**IDEA** အထူးပညာရေးဆိုင်ရာ နိုင်ငံတော် ဥပဒေများကို ချိုးဖောက်နေကြောင်း စာဖြင့်ရေးသား တိုင်ကြားချက်များ **IDEA** အထူးပညာရေးဆိုင်ရာ မျှတစွာ ဆက်ဆံခံပိုင်ခွင့်နှင့်ပတ်သက်သည့် တိုင်ကြားချက်များ/ကြားနာစစ်ဆေးပေးရန် တောင်းဆိုချက်များ

**IDEA** အထူး ပညာရေးဆိုင်ရာ ဖြေရှင်းမှု အစည်းအဝေးများ

CADRE
Center for Appropriate Dispute Resolution in Special Education

IDEAs that Work
Office of Special Education Programs
U.S. Department of Education

*ဤစာအုပ်တွင် **IDEA** ၏ အပိုင်း ခအတွက် ကြားဝင် ညှိနှိုင်းပေးမှုအကြောင်း ယေဘုယျအားဖြင့် ရေးသားထားပါသည်။ ၎င်းသည် ဖက်ဒရယ် သို့မဟုတ် နိုင်ငံတော် ဥပဒေအရ လုပ်ထုံးလုပ်နည်းဆိုင်ရာ ကာကွယ်ရေး နည်းလမ်းများ သို့မဟုတ် သတ်မှတ်ချက်များကို အဓိပ္ပါယ် ပြန်ဆိုရန်၊ ပြင်ဆင်မွမ်းမံရန် သို့မဟုတ် အစားထိုးရန် ရည်ရွယ်ထားခြင်း မဟုတ်ပါ။*

# ကြားဝင် ညှိနှိုင်းခြင်းဆိုတာ ဘာလဲ။

ကြားဝင် ညှိနှိုင်းခြင်းဆိုသည်မှာ ပြည်သူများကို အတူတကွ လာရောက်စေ၍ သဘောမတူညီမှုများကို ဖြေရှင်းပေးသည့် မိမိဆန္ဒအလျောက် ဆောင်ရွက်သော လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါသည်။ ကြားဝင် ညှိနှိုင်းပေးသူက လူတိုင်းအနေဖြင့် ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို ဖော်ပြခွင့်ရပြီး ဖြေရှင်းနည်းများကို ပံ့ပိုးပေးနိုင်ရန်အတွက် ပါဝင်သူများ အချင်းချင်း ဆက်သွယ်ပြောဆိုနိုင်ရန် ကူညီပေးပါသည်။

- မိဘများနှင့် ပညာသင်ကြားပေးသူ နှစ်ဖက်စလုံးသည် ကြားဝင် ညှိနှိုင်းခြင်း အထမြောက်စေရန်အတွက် ပါဝင်မည်ဟု သဘောတူရပါမည်။
- ပါဝင်သူများသည် ကြားဝင် ညှိနှိုင်းခြင်းမှ အချိန်မရွေး ထွက်ခွာနိုင်ပါသည်။
- ကြားဝင် ညှိနှိုင်းခြင်းတွင် ဆွေးနွေးသည့်ကိစ္စရပ်များကို လျှို့ဝှက်ထားပါသည်။ ကြားဝင် ညှိနှိုင်းခြင်းတွင် ပြောဆိုသည့် ကိစ္စရပ်များကို မျှတစွာ ဆက်ဆံပိုင်ခွင့်နှင့်ပတ်သက်သည့် ကြားနာမှု သို့မဟုတ် တရားမမှုတွင် သက်သေအထောက်အထားအဖြစ် အသုံးမပြုနိုင်ပါ။
- ကြားဝင် ညှိနှိုင်းပေးသူသည် ဆုံးဖြတ်ချက်များ မပြုလုပ်နိုင်ပါ။ ချမှတ်လိုက်သည့် ဆုံးဖြတ်ချက်များကို မိဘနှင့် ခရိုင်ကျောင်း နှစ်ဖက်စလုံးက သဘောတူရပါမည်။
- အဓိက အာရုံစိုက်သည့်အရာမှာ သဘောမတူညီမှုများကို ဖြေရှင်းရန်နှင့် နှစ်ဦးနှစ်ဖက်စလုံးကို ကျေနပ်မှု ရရှိစေမည့် ဖြေရှင်းနည်းတစ်ခု ရရှိအောင် လုပ်ဆောင်ရန် ဖြစ်ပါသည်။
- မိဘများနှင့် ပညာသင်ကြားပေးသူများသည် သဘောမတူညီမှုများကို ဖြေရှင်းရန် ကြားဝင် ညှိနှိုင်းပေးမှုကို အချိန်မရွေး အသုံးပြုနိုင်ပါသည်။
- ပန်းတိုင်မှာ ကလေး၏ ပညာရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် ဖြေရှင်းနည်းတစ်ခု ရှာဖွေရန် ဖြစ်ပါသည်။

# ကြားဝင် ညှိနှိုင်းခြင်း၏ အကျိုးကျေးဇူးများ

- ကြားဝင် ညှိနှိုင်းခြင်းဖြင့် လူတိုင်းသည် မတူညီသည့် ရှုထောင့်အမြင်များကို ပို၍ သဘောပေါက် နားလည်လာပါမည်။
- ပါဝင်သူများက ဖြေရှင်းနည်းများ ရရှိရန် အတူတကွ လက်တွဲဆောင်ရွက်ပြီး ကလေးအကြောင်း မသိသူက ဆုံးဖြတ်ချက်ကို ချမှတ်မည့်အစား ပါဝင်သူများအနေဖြင့် လမ်းညွှန်ချက် ပေးနိုင်မည် ဖြစ်ပါသည်။
- ၎င်းတို့ အတူတကွ ညှိနှိုင်းဖြေရှင်းကြသောကြောင့် လူများသည် ကြားဝင်ညှိနှိုင်း၍ ရရှိလာသော သဘောတူညီချက်များ၏ စည်းကမ်းချက်များကို ပို၍စိတ်ကျေနပ်မှုရှိပြီး လိုက်နာလိုကြပါသည်။
- သဘောထားကွဲလွဲမှုများကို အခြား အငြင်းပွားမှု ဖြေရှင်းရေး နည်းလမ်းများသုံးခြင်းထက် ပိုမိုမြန်ဆန်စွာ ဖြေရှင်းနိုင်သည်။
- ကြားဝင်ညှိနှိုင်းခြင်းသည် နောင်အနာဂတ်အတွက် အစီအစဉ်တစ်ခု ပြုလုပ်ရန်အပေါ် အာရုံစိုက်ပါသည်။

## ကြားဝင်ညှိနှိုင်းခြင်းနှင့် ပတ်သက်၍ ထည့်သွင်းစဉ်းစားရမည့် အချက်များ

- ကြားဝင်ညှိနှိုင်းခြင်းသည် တစ်ခါတစ်ရံတွင် စိတ်ထိခိုက်၊ ပင်ပန်းစေပြီး စိတ်ပျက်ဖွယ်ရာ လုပ်ငန်းစဉ်တစ်ခု ဖြစ်နိုင်ပါသည်။
- မိဘများနှင့် ပညာသင်ကြားပေးသူများအနေဖြင့် ကြားဝင်ညှိနှိုင်းမှု ကဏ္ဍမတိုင်မီ အချိန်ယူ၍ ကြိုတင်ပြင်ဆင်မှု မပြုလုပ်ပါက အကျိုးယုတ်လျော့မှုကို ခံစားရနိုင်ပါသည်။
- ရှုပ်ထွေးသော အခြေအနေအချို့တွင် အသေးစိတ် သဘောတူညီချက်တစ်ခု ဖန်တီးရန် ကြားဝင်ညှိနှိုင်းမှု ကဏ္ဍတစ်ခုထက်မက လိုအပ်နိုင်ပါသည်။
- ကြားဝင်ညှိနှိုင်းခြင်းဖြင့် စာဖြင့်ရေးသားထားသော သဘောတူညီချက်ကို ရရှိစေမည်ဟု အာမမခံပါ။

*ထိရောက်သော ကြားဝင်ညှိနှိုင်းမှု နည်းစနစ်များဖြင့် လေ့ကျင့်သင်ကြားပေးထားသော ကြားဝင်ညှိနှိုင်းပေးသူသည်...*

- ကြားဝင်ညှိနှိုင်းမှုတွင် ပါဝင်သူများကြား ပွင့်လင်းသော ဆက်သွယ်ပြောဆိုမှုကို ဖြစ်ပေါ်စေသည်။
- လုံခြုံစိတ်ချရသော ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးသည်။
- ပါဝင်သူများအား အခြားသူများ၏ သဘောထား ရှုထောင့်များကို လေးစား၍ နားလည်ပေးရန် တိုက်တွန်းသည်။
- သဘောထားကွဲလွဲသည့် အချက်များကို ရှင်းလင်းပြောဆိုပေးသည်၊ ရွေးချယ်နိုင်သည့် နည်းလမ်းများကို သိရှိအောင် ကူညီပေးနိုင်ပြီး သဘောတူညီချက် တစ်ခုခု ချရေးရာတွင် ကူညီပေးသည်။

## ကြားဝင်ညှိနှိုင်းခြင်းအကြောင်း မေးလေ့ရှိသော မေးခွန်းများ

*မည်သူက ကြားဝင်ညှိနှိုင်းမှု ပြုလုပ်ပေးရန် တောင်းဆိုနိုင်သလဲ။*

ဆက်သွယ်ပြောဆိုမှုများ ပြုလုပ်ရန် ခက်ခဲသောအခါ သို့မဟုတ် အငြင်းပွားမှုတစ်ခုကို မဖြေရှင်းနိုင်သောအခါ မိဘများ သို့မဟုတ် ခရိုင်ကျောင်းရုံး ဝန်ထမ်းများက ကြားဝင်ညှိနှိုင်းမှု ပြုလုပ်ပေးရန် တောင်းဆိုနိုင်ပါသည်။

*ကြားဝင်ညှိနှိုင်းမှု ပြုလုပ်ပေးရန် မည်သည့်အချိန်တွင် တောင်းဆိုနိုင်သလဲ။*

မျှတစွာ ဆက်ဆံခံရပိုင်ခွင့်အတွက် ကြားနာမှု ပြုလုပ်ရန် တောင်းဆိုထားသည့်တိုင် သို့မဟုတ် ဥပဒေချိုးဖောက်ကြောင်း စာဖြင့်ရေးသား တိုင်ကြားချက်တစ်စောင် တင်သွင်းပြီးသွားသည့်တိုင် ကြားဝင်ညှိနှိုင်းမှုကို အချိန်မရွေး တောင်းဆိုနိုင်ပါသည်။

*မည်သူက ကြားဝင်ညှိနှိုင်းသူကို ရွေးချယ်ပေးမှာလဲ။*

သင်၏ ပြည်နယ်ပညာရေးအေဂျင်စီ (**SEA**) က ကြားဝင်ညှိနှိုင်းသူကို အလျဉ်းသင့်သလို၊ အလှည့်ကျ သို့မဟုတ် အခြားဘက်မလိုက်သော ပုံစံတစ်ခုဖြင့် ရွေးချယ်ပေးပါသည်။ အချို့သော **SEA** များက မိဘများနှင့် ကျောင်းများအား ကြားဝင်ညှိနှိုင်းသူတစ်ဦးကို အတူတကွ ရွေးချယ်ခွင့်ပြုပါသည်။ ကျောင်းများ သို့မဟုတ် မိဘများသည် ၎င်းတို့ဘာသာ ကြားဝင်ညှိနှိုင်းသူကို မရွေးချယ်နိုင်ပါ။

*ကြားဝင်ညှိနှိုင်းသူက ဆုံးဖြတ်ချက်များ ချမှတ်ပေးသလား။*

မဟုတ်ပါ။ ကြားဝင်ညှိနှိုင်းသူသည် ဆက်သွယ်ပြောဆိုမှု အဆင်ပြေ ချောမွေ့ရန် လုပ်ဆောင်ပေးခြင်းဖြစ်ပြီး မိဘ သို့မဟုတ် ခရိုင်ကျောင်းရုံး မည်သည့်ဘက်မျှ မျက်နှာလိုက်ခြင်း မရှိပါ။ ကြားဝင်ညှိနှိုင်းခြင်းသည် ကြားဝင်ညှိနှိုင်းသူက လမ်းညွှန်ပေးသော ပြဿနာဖြေရှင်းသည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်သည်။

*မည်သည့်အချိန်၊ မည်သည့်နေရာတွင် ကြားဝင်ညှိနှိုင်းခြင်းကို လုပ်ဆောင်သလဲ။*

မိဘနှင့် ခရိုင်ကျောင်းရုံး နှစ်ဦးနှစ်ဖက်လုံး အဆင်ပြေသော အချိန်နှင့် နေရာတစ်ခုတွင် ကြားဝင်ညှိနှိုင်းခြင်းကို လုပ်ဆောင်သင့်ပါသည်။

*ကြားဝင်ညှိနှိုင်းမှု လုပ်ငန်းစဉ်က မည်မျှကြာသလဲ။*

ကြားဝင်ညှိနှိုင်းခြင်းသည် အငြင်းပွားမှုများကို အမြန်ဖြေရှင်းပေးနိုင်ရန် ရည်ရွယ်ပါသည်။ ကြာချိန်ပမာဏသည် ပါဝင်သူများ လာရောက်မှု၊ ၎င်းတို့ အငြင်းပွားမှု၏ ရှုပ်ထွေးမှုနှင့် သဘောတူညီချက်ရရှိရန် ၎င်းတို့၏ စိတ်ပါဝင်စားမှုအပေါ် မူတည်ပါသည်။

*ကြားဝင်ညှိနှိုင်းခြင်း လုပ်ငန်းစဉ်အတွက် မည်သူက ငွေပေးချေသလဲ။*

**IDEA** အရ ကြားဝင်ညှိနှိုင်းခြင်း လုပ်ငန်းစဉ်အတွက် **SEA** များက ငွေပေးချေရန် လိုအပ်သည်။ ခရိုင်ကျောင်းများနှင့် မိဘများသည် ကြားဝင်ညှိနှိုင်းခြင်းအတွက် ငွေမပေးချေရပါ။

*ကြားဝင်ညှိနှိုင်းမှုကို မည်သူတွေ တက်ရောက်သလဲ။*

ကြားဝင်ညှိနှိုင်းမှုကို မိဘများ၊ ခရိုင်ကျောင်းရုံးမှ ဝန်ထမ်းများနှင့် ကြားဝင်ညှိနှိုင်းသူတို့ တက်ရောက်ရမည်။ မိဘနှင့် ကျောင်းသည် ကြားဝင်ညှိနှိုင်းမှုတွင် ပံ့ပိုးကူညီပေးသည့် လူများကဲ့သို့ အခြားမည်သူတို့ တက်ရောက်နိုင်သည်ကို အတူတကွ ဆုံးဖြတ်ပါသည်။ အများအားဖြင့် ကြားဝင်ညှိနှိုင်းသူသည် ကြားဝင်ညှိနှိုင်းမှု ကဏ္ဍမစတင်မီ အဆိုပါကိစ္စရပ်တွင် ကူညီပေးပါသည်။

*ကျောင်းသားက ကြားဝင်ညှိနှိုင်းမှု အစီအစဉ်ကို လာရောက်သင့်သလား။*

မိဘတစ်ဦးသည် ကလေး၏ အသက်အရွယ်နှင့် ရင့်ကျက်မှုအပေါ် မူတည်၍ ကြားဝင်ညှိနှိုင်းမှု ကဏ္ဍတစ်ခုလုံးတွင် သို့မဟုတ် တစ်စိတ်တစ်ပိုင်းတွင် ၎င်း၏ကလေး ရှိနေရန် ရွေးချယ်နိုင်ပါသည်။

မသန်စွမ်းသော လူငယ်အချို့အတွက် ကြားဝင်ညှိနှိုင်းမှုတွင် ပါဝင်ခြင်းသည် ၎င်းတို့အနေဖြင့် ၎င်းတို့ကိုယ်တိုင်အတွက် ထောက်ခံအားပေးနိုင်သည့် ကောင်းမွန်သော အတွေ့အကြုံတစ်ခုကို ရရှိစေနိုင်ပါသည်။ ကျောင်းပြောင်းမှု ကိစ္စရပ်များကို ဆွေးနွေးသောအခါ ယင်းက အထူးသဖြင့် မှန်ကန်ပါသည်။

ဤအကြောင်းအရာနှင့် ပတ်သက်၍ *နောက်ထပ်သိရှိလိုပါက* **CADRE** ဝဘ်ဆိုက်- https://bit.ly/2KFV002 *တွင် ရနိုင်သော အထူးပညာရေးဆိုင်ရာ ကြားဝင်ညှိနှိုင်းမှုများတွင် ကျောင်းသားများ ပါဝင်မှုကို ကြည့်ပါ*

**IDEA** အငြင်းပွားမှု ဖြေရှင်းရေး လုပ်ဆောင်ချက်များဖြင့် ဆက်စပ်နေသည့် ပြည်နယ်စည်းမျဉ်းများသည် များစွာကွဲပြားမှုရှိပါသည်။

နောက်ထပ် အချက်အလက်အတွက် ၎င်းတို့၏ ပြည်နယ်ပညာရေး အေဂျင်စီ သို့မဟုတ် မိဘစင်တာထံ ဆက်သွယ်ရန် မိဘများနှင့် မိသားစုဝင်များကို တိုက်တွန်းပါသည်။

*ကြားဝင်ညှိနှိုင်းမှုတွင် ရှေ့နေများ ပါဝင်ပါသလား။*

ကြားဝင်ညှိနှိုင်းမှုတွင် ရှေ့နေများ ပါဝင်ခြင်း ရှိ၊ မရှိကို **IDEA** တွင် သတ်မှတ်ဖော်ပြမထားပါ။ အထူးပညာရေးဆိုင်ရာ ကြားဝင်ညှိနှိုင်းမှုတွင် ရှေ့နေများ ပါဝင်ခြင်းသည် ပြည်နယ် တစ်ခုနှင့်တစ်ခုကို လိုက်၍ ကွဲပြားပါသည်။

*ကြားဝင်ညှိနှိုင်းမှုက အလုပ်မဖြစ်ပါက ဘယ်လိုလုပ်မလဲ။*

နိုင်ငံတော် ဒေတာတွင် ကြားဝင်ညှိနှိုင်းမှု **70%** သည် နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးထားသော သဘောတူညီမှုများကို ရရှိစေသည်ဟု ပြသထားသည်။ ကြားဝင်ညှိနှိုင်းမှုကို အသုံးပြုခြင်းသည် **IDEA** အောက်တွင် ဖော်ပြထားသော အခြားမိဘဆိုင်ရာ အခွင့်အရေးများကို ထိခိုက်ခြင်းမရှိပါ။ မိဘတစ်ဦးသည် ပြဿနာကို ဖြေရှင်းရန် ဥပဒေချိုးဖောက်မှုအတွက် စာဖြင့်ရေးသား တိုင်ကြားချက်တစ်စောင် တင်သွင်းနိုင်ဆဲဖြစ်သည် သို့မဟုတ် မျှတစွာ ဆက်ဆံခံရပိုင်ခွင့်အတွက် ကြားနာမှုတစ်ခု တောင်းဆိုနိုင်ဆဲဖြစ်သည်။

*ကြားဝင်ညှိနှိုင်းမှုတွင် လုပ်ဆောင်သော သဘောတူညီမှုများကို စာဖြင့်ရေးသားထားရမှာလား။*

ရှိပါသည်။ ကြားဝင်ညှိနှိုင်းမှု လုပ်ငန်းစဉ်မှတစ်ဆင့် အငြင်းပွားမှုကို ပြေလည်အောင် ဖြေရှင်းနိုင်ပါက သဘောတူညီချက်ကို စာဖြင့် ရေးသားရပါမည်။ ၎င်းတွင် မိဘနှင့် ခရိုင်ကျောင်းရုံး၏ ခွင့်ပြုချက်ရ ကိုယ်စားလှယ်တစ်ဦးက လက်မှတ်ထိုးရပါမည်။ ကြားဝင်ညှိနှိုင်းမှု သဘောတူညီချက်တွင် ကြားဝင်ညှိနှိုင်းမှု လုပ်ဆောင်နေစဉ်အတွင်း ဆွေးနွေးပြောဆိုမှု အားလုံးကို ဆက်လက်လျှို့ဝှက်ထိန်းသိမ်းထားပါမည်ဟု ဖော်ပြထားရမည်ဖြစ်သည်။ ကြားဝင်ညှိနှိုင်းမှု သဘောတူညီချက်ကို လက်မှတ်မထိုးရသေးမီ မိဘများက ရှေ့နေနှင့် ဆွေးနွေးတိုင်ပင်ရန် တောင်းဆိုနိုင်ပါသည်။

*သဘောတူညီချက်ကို မလိုက်နာပါက ဘာတွေဖြစ်လာနိုင်သလဲ။*

လတ်မှတ်ထိုးထားသည့် စာဖြင့်ရေးသားထားသော ကြားဝင်ညှိနှိုင်းမှု သဘောတူညီချက်များကို ဥပဒေအရ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး ပြည်နယ် သို့မဟုတ် ဗဟိုအစိုးရနှင့် သက်ဆိုင်သော တရားရုံးတွင် အတည်ပြုနိုင်သည်။ သင်၏ သဘောတူညီချက်ကို လိုက်နာဆောင်ရွက်ခြင်း မရှိကြောင်း သင် ယုံကြည်ပါက သင်၏ **SEA** သည် သင် ရွေးချယ်နိုင်သည့် နည်းလမ်းများနှင့် ပတ်သက်သည့် အချက်အလက်များကို သင့်အား ပံ့ပိုးပေးနိုင်ပါသည်။

*အကယ်၍ ကျွန်ုပ်က စကားပြန်တစ်ဦး လိုအပ်ပါက ဘာလုပ်ရမလဲ။*

သင်သည် ကြားဝင်ညှိနှိုင်းမှု လုပ်ဆောင်ချက်ကို နားလည်ပြီး ယင်းလုပ်ဆောင်ချက်တွင် အပြည့်အဝ ပါဝင်နိုင်ရန် အရေးကြီးပါသည်။ သင်က စကားပြန်တစ်ဦး လိုအပ်ကြောင်း ပါဝင်သည့်လူတိုင်းကို အသိပေးပါ။ နောက်ထပ်အချက်အလက်များအတွက် သင့် **SEA** ထံ ဆက်သွယ်ပါ။

## ကြားဝင်ညှိနှိုင်းမှုအတွက် သင်ကြိုတင်ပြင်ဆင်ထားရမည့် နည်းလမ်းများ

- သင့်စာရွက်စာတမ်းများကို စနစ်တကျ စီစဉ်ပြီး ၎င်းတို့အပေါ်တွင် ရက်စွဲများနှင့် မှတ်စုများကို ရေးထားပါ မိတ္တူ **3** စောင်ကူးထားရန် စဉ်းစားပါ – သင့်အတွက် တစ်စောင်၊ အခြား တစ်ဖက်အတွက် တစ်စောင်နှင့် ကြားဝင်ညှိနှိုင်းသူအတွက် တစ်စောင်။
- ကြားဝင်ညှိနှိုင်းမှု လုပ်ဆောင်နေစဉ်အတွင်း သင်ဆွေးနွေးလိုသော ပြဿနာရပ်များနှင့် မေးခွန်းများကို စာရင်းပြုစုထားပါ။ ယင်းက သင်၏စိုးရိမ်ပူပန်မှုအားလုံးကို မှတ်မိအောင် ကူညီပေးနိုင်သောကြောင့် သင်သည် စနစ်တကျ စီစဉ်ထားသော ပုံစံဖြင့် ၎င်းတို့ကို တင်ပြနိုင်ပါသည်။
- အခြားပါဝင်သူများက မေးနိုင်သည့် မေးခွန်းများကို စဉ်းစားထားပြီး ဖြစ်နိုင်ခြေရှိသော တုံ့ပြန်ဖြေဆိုမှုအချို့ကို ချရေးထားပါ။
- မတူညီသော ပြဿနာဖြေရှင်းနည်းများစွာကို စဉ်းစားကြည့်ပြီး ၎င်းတို့ကို ချရေးထားပါ။
- အစည်းအဝေးအတွင်း (သင်နှင့် အခြားသူများ၏) စိတ်ခံစားမှုများကို ကိုင်တွယ်ဖြေရှင်းရန် သင့်အစီအစဉ်ကို စဉ်းစားပါ။
- ပါဝင်ဆောင်ရွက်ရန်အတွက် အဆင်သင့်ဖြစ်အောင် ပြင်ဆင်ချိန်ရှိရန် စီစဉ်သတ်မှတ်ထားသည့် အစည်းအဝေးကျင်းပချိန်ထက် အနည်းငယ် စောရောက်နေရန် ကြိုးစားပါ။
- ကြားဝင်ညှိနှိုင်းမှုတွင် လူတိုင်း တစ်ယောက်နှင့်တစ်ယောက် ဂရုတစိုက် နားထောင်ပြီး အပြန်အလှန် လေးစားပါက သဘောတူညီချက် ရရှိနိုင်ခြေ ပိုများပါသည်။
- ကြားဝင်ညှိနှိုင်းမှု လုပ်ဆောင်ချက်တွင် မိဘ အကျိုးဆောင်ကိုယ်စားလှယ်တစ်ဦးသည် သင့်ကို ကူညီပေးနိုင်ပါသည်။ အကျိုးဆောင် ကိုယ်စားလှယ်တစ်ဦးနှင့် စကားပြောဆိုရန် သင်၏ ဒေသတွင်း မိဘစင်တာသို့ ဖုန်းခေါ်ဆိုပါ။

## အရေးကြီး အချက်အလက်များ၏ ရင်းမြစ်များ

နိုင်ငံအတွင်း မိဘစင်တာအားလုံး၏ လက်ရှိစာရင်းကို မိဘ အချက်အလက်နှင့် ရင်းမြစ်များဆိုင်ရာ စင်တာ (**Center for Parent Information and Resources, CPIR**)- [parentcenterhub.org/find-your-center](parentcenterhub.org/find-your-center) မှတစ်ဆင့် ရရှိနိုင်သည် သို့မဟုတ် **(973) 642-8100** ထံ ဖုန်းခေါ်ဆိုပါ

အထူးပညာရေးအတွက် သင့်လျော်သော အငြင်းပွားမှု ဖြေရှင်းပေးရေး စင်တာ (**Center for Appropriate Dispute Resolution in Special Education, CADRE**) သည် အငြင်းပွားမှု ဖြေရှင်းခြင်းဆိုင်ရာ အမျိုးသား နည်းပညာ အကူအညီစင်တာဖြစ်သည်- [cadreworks.org](cadreworks.org)
သို့မဟုတ် **(541) 686-5060**
ထံ ဖုန်းခေါ်ဆိုပါ

မသန်စွမ်းသူများ၏ ပညာရေးအက်ဥပဒေနှင့်ပတ်သက်သော အချက်အလက်များ (**Individuals with Disabilities Education Act, IDEA**) ကို အွန်လိုင်း- [https://sites.ed.gov/idea/](https://sites.ed.gov/idea/) တွင် ရရှိနိုင်သည်

**IDEA အောက်တွင် ရရှိနိုင်သော အထူးပညာရေး အငြင်းပွားမှုများကို ဖြေရှင်းခြင်းနှင့် အငြင်းပွားမှု ဖြေရှင်းရန် ရွေးချယ်စရာ နည်းလမ်းများနှင့် ပတ်သက်သော နောက်ထပ် အချက်အလက်များအတွက် CADRE ဝဘ်ဆိုက်သို့ သွားပါ-**
[cadreworks.org](cadreworks.org)

## သင့်ဒေသရှိ မိဘစင်တာကို ရှာဖွေရန် ဆက်သွယ်ရမည့် လိပ်စာများ-

**ဒေသ 1 မိဘ TA စင်တာ**
NJ Statewide Parent Advocacy Network
35 Halsey St., 4th Floor
Newark, NJ 07102
ဖုန်း- (973) 642-8100 ဖက်စ်- (973) 642-8080
ဝဘ်ဆိုက်- spanadvocacy.org

**ဒေသ 2 မိဘ TA စင်တာ**
Exceptional Children's Assistance Center
907 Barra Row, Suites 102/103
Davidson, NC 28036
ဖုန်း- (704) 892-1321 ဖက်စ်- (704) 892-5028
ဝဘ်ဆိုက်- ecac-parentcenter.org

**ဒေသ 3 မိဘ TA စင်တာ**
Parent to Parent of Georgia
3070 Presidential Pkwy, Suite 130
Atlanta, GA 30340
ဖုန်း- (800) 229-2038 ဖက်စ်- (770) 458-4091
ဝဘ်ဆိုက်- p2pga.org

**ဒေသ 4 မိဘ TA စင်တာ**
WI FACETS
600 W. Virginia St., Ste. 501
Milwaukee, WI 53204
ဖုန်း- (877) 374-0511 ဖက်စ်- (414) 374-4655
ဝဘ်ဆိုက်- wifacets.org

**ဒေသ 5 မိဘ TA စင်တာ**
PEAK Parent Center
611 N. Weber, Suite 200
Colorado Springs, CO 80903
ဖုန်း- (800) 284-0251 ဖက်စ်- (719) 931-9452
ဝဘ်ဆိုက်- region5ptac.org

**ဒေသ 6 မိဘ TA စင်တာ**
Matrix Parent Network & Resource Center
94 Galli Drive, Suite C
Novato, CA 94949
ဖုန်း- (415) 884-3535 ဖက်စ်- (415) 884-3555
ဝဘ်ဆိုက်- matrixparents.org

**မိဘ အချက်အလက်နှင့် ရင်းမြစ်များအတွက် စင်တာ (CPIR)**
35 Halsey St., 4th Floor
Newark, NJ 07102
ဖုန်း- (973) 642-8100 ဖက်စ်- (973) 642-8080
ဝဘ်ဆိုက်- parentcenterhub.org

## သင်၏ ဒေသတွင်း မိဘစင်တာ-

**CADRE** က အမေရိကန် ပြည်ထောင်စု ပညာရေးဌာန၊ အထူးပညာရေး အစီအစဉ်များဆိုင်ရာ ရုံး၊ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်အမှတ် **H326D080001** အောက်တွင် ဤစာရွက်စာတမ်းကို ထုတ်ဝေထားပါသည်။ စီမံကိန်း အရာရှိအဖြစ် **Tina Diamond, Ph.D.,** က တာဝန်ယူဆောင်ရွက်ပါသည်။ ဤနေရာတွင် ဖော်ပြထားသော ရှုထောင့်အမြင်များသည် ပညာရေးဌာန၏ ရပ်တည်ချက်များ သို့မဟုတ် မူဝါဒများကို အတိအကျ ကိုယ်စားပြုခြင်း မရှိပါ။ ဤစာအုပ်ထဲတွင် ဖော်ပြထားသော မည်သည့် ထုတ်ကုန်၊ အသုံးအဆောင်၊ ဝန်ဆောင်မှု သို့မဟုတ် လုပ်ငန်းတစ်ခုခုကိုမျှ အမေရိကန် ပြည်ထောင်စု ပညာရေးဌာနက တရားဝင် ထောက်ခံချက်ပေးရန် ရည်ရွယ်ခြင်းမရှိပါ သို့မဟုတ် ယင်းသို့ကောက်ချက်မချသင့်ပါ။ ဤထုတ်ကုန်သည် အများနှင့်သက်ဆိုင်သော အရာဖြစ်ပါသည်။ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ တစ်အုပ်လုံးကိုဖြစ်စေ ပြန်လည် ထုတ်ဝေခွင့် ပြုသည်။ ဤစာအုပ်ကို ပြန်လည်ပုံနှိပ်ထုတ်ဝေရန်အတွက် ခွင့်ပြုချက် မလိုအပ်သော်လည်း အောက်ပါအတိုင်း ကိုးကားချက် ထည့်ပေးသင့်ပါသည်- **CADRE (2014)**။ **IDEA** အထူးပညာရေး ကြားဝင် ညှိနှိုင်းခြင်း၊ **Eugene**၊ **Oregon**၊ **CADRE**။ ဤစာအုပ်တွင် ပြင်ပအဖွဲ့အစည်းများ ပြုလုပ်ပြီး ထိန်းသိမ်းထားသော ဟိုက်ပါလင့်ခ်များနှင့် **URL** များလည်း ပါဝင်ပြီး စာဖတ်သူများ အဆင်ပြေစေရန်အတွက် ပံ့ပိုးပေးထားခြင်း ဖြစ်ပါသည်။ ဤအချက်အလက်များ၏ မှန်ကန်တိကျမှုအတွက် ဌာနတွင် တာဝန်မရှိပါ။ မိဘ စင်တာများအတွက် ဤစာအုပ်၏ အကြောင်းအရာအချို့ကို **Technical Assistant ALLIANCE** နှင့်အတူ ယခင်က ပူးတွဲစီစဉ်ဆောင်ရွက်ခဲ့ပါသည်။ ထုတ်ဝေသည့် ရက်စွဲ- ဇန်နဝါရီလ **2014**။